ကြောက်လန့်တကြား ဖြစ်နေတဲ့ တပည့်တော်တွေက ကိုယ်တော်ကို နှိုးခဲ့ကြတယ်။ "သခင်၊ ကျွန်ုပ်တို့ကိုကယ်တင်ပါ။ အကျွန်ုပ်တို့ သေရပါတော့မယ်" လို့ အော်ဟစ်ခဲ့ကြပါတယ်။




19

"တိတ်ဆိတ်ငြိမ်ဝပ်စွာနေလော့" လို့ သခင်ယေရှုက လှိုင်းတံပိုးတွေကို အမိန့်ပေးခဲ့တယ်။ ချက်ချင်းပဲ ပင်လယ်ဟာ ငြိမ်သက်သွားခဲ့ပါတယ်။ "ဒီလူဟာ ဘယ်လိုလူဖြစ်သလဲ" လို့တပည့်တော်တွေက တိုးတိုးလေး ပြောခဲ့ကြပါတယ်။



20

လေနဲ့ ပင်လယ်တောင် ကိုယ်တော်ကိုနာခံတယ်လေ။ သခင်ယေရှုရဲ့ အံ့သြဖွယ်အမှုတော်တွေဟာ ကိုယ်တော်၏ဘုန်းတော်ကို ဖော်ပြခဲ့တဲ့အတွက် တပည့်တော်တွေက ကိုယ်တော်ဟာ ဘုရားသခင်၏သားတော်ဖြစ်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ တပည့်တော်တွေ မသိသေးပေမယ့်၊ သခင်ယေရှုဟာ လူတွေကြားမှာ ဘုရားသခင်ရဲ့အမှုတော်တွေကို ဆောင်ရွက်ရင်း ဒီထက်ကြီးမြတ်တဲ့ အံ့သြဖွယ်အမှုတော်တွေကိုလည်း သူတို့ မြင်ရတော့မှာပါဖြစ်ပါတယ်။



21

သခင်ယေရှု၏ အံ့သြဖွယ် နိမိတ်လက္ခဏာများ

ဘုရားသခင်၏ နှုတ်ကပတ်တော်ဝတ္ထု၊ သမ္မာကျမ်း

တွင် ဖတ်ရှုနိုင်ပါသည်

မဿဲ ၈း၂၃၊ မာကု ၁း၂၃၊ မာကု ၄၊
လုကာ ၄၊ လုကာ ၈၊ ယောဟန် ၂

"နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကို ပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။" ဆာလံ ၁၁၉း၁၃၀

22

# သခင်ယေရှု၏ အံ့သြဖွယ် နိမိတ်လက္ခဏာများ



23


ရေးသားသူ Edward Hughes
ပန်းချီဆွဲသူ Byron Unger; Lazarus Alastair Paterson
ဘာသာပြန်သူ Nant Esther Sann Htay
လက်ခံချိတ်ဆက်သူ E. Frischbutter; Sarah S.



ဝတ္ထု 40 (၆၀မှ)

**M1914.org**

**Bible for Children, PO Box 3, Winnipeg MB  R3C 2G1  Canada**



လိုင်စင် - သင်သည်ဤဝတ္ထုကို မူရခောင်းမခငြ်း၊ မိတ္တူနှင့် ပုံနှိပ်မှပဖြုလုပ်နိုင်သည်။


ကျွန်ုပ်တို့ မကောင်းမှုပြုခဲ့ကြောင်း ဘုရားသခင်သိတော်မူ၍ ၎င်းကိုအပြစ်ဟု ခေါ်တွင်၏။ အ ပြစ်၏အခမှာ သေခြင်းပင်ဖြစ်၏။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်သဖြင့် သားတော်ယေရှုကို စေလွှတ်တော်မူကာ၊ ကားတိုင်တော်ပေါ်တွင် ကျွန်ုပ်တို့၏အပြစ်အတွက် အခကိုပေးဆပ်တော်မူခဲ့သည်။ ထိုနောက် ယေရှုသည် ပြန်ရှင်ကာ ကောင်းကင်ဘုံသို့ တဖန် ပြန်ကြွတော်မူခဲ့သည်။ ယခုတွင် ဘုရားသခင် သည် ကျွန်ုပ်တို့၏ အပြစ်များကို ဖြေလွှတ်ပေးနိုင်တော်မူပြီ။

သင့်အပြစ်မှ သင်သည် ဝေးကွာလိုပါလျှင် ဘုရားသခင်ကို ဤသို့ပြောလိုက်ပါ၊ ယေရှုသည် ကျွန်ုပ်အပြစ်အတွက် အသေခံတော်မူပြီး၊ တဖန်ပြန်ရှင်တော်မူခဲ့သည်ကို ကျွန်ုပ်ယုံကြည်ပါ၏။ ကျေးဇူးပြု၍ ကျွန်ုပ်၏ဘဝထဲသို့ဝင်ရောက်ကာ ကျွန်ုပ်၏အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ထို သို့အားဖြင့် ကျွန်ုပ်သည် အသက်သစ်ကို ရရှိပြီး ကိုယ်တော်နှင့်အတူထာဝရ ရှိပါမည်။ ကိုယ်တော့်၏ ကလေးအဖြစ်၊ ကိုယ်တော့်အတွက် အသက်ရှင်ရန် မစတော်မူပါ။ အာမင်။ ယော ၃း၁၆

သမ္မာကျမ်းစာကိုဖတ်ပြီး ဘုရားသခင်သို့ နေ့စဉ်စကားပြောပါ။

မြန်မာ　　Burmese

သခင်ယေရှုဟာ အံ့သြဖွယ် နိမိတ်လက္ခဏာတွေ အများကြီး လုပ်ခဲ့ပါတယ်။



1

ဒီအံ့သြဖွယ်နိမိတ်လက္ခဏာတွေပြသခြင်းတွေ က သခင်ယေရှုဟာ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုပြသတဲ့အထောက်အထားတွေပဲဖြစ်ပါတယ်။



2


ပထမဆုံးပြသခဲ့တဲ့ အံ့သြဖွယ်နိမိတ်လက္ခဏာကတော့ မင်္ဂလာပွဲတစ်ခုမှာ ဖြစ်ပျက်ခဲ့တယ်။ အဲ့ဒီမှာ ပြဿနာတစ်ခု ပေါ်လာတယ်။ ဘာပြဿနာလဲဆိုတော့ လူတိုင်းအတွက် စပျစ်ရည် မလုံလောက်ခဲ့တော့တာပါ။
3
မာရိလို့ခေါ်တဲ့ သခင်ယေရှုရဲ့မယ်တော်ဟာ အဲဒီပြဿနာအကြောင်း ကိုယ်တော်ကိုပြောပြခဲ့ပြီးတဲ့အခါ၊ အစေခံတွေကို သခင်ယေရှုအမိန့်တော်အတိုင်း လုပ်ကြပါ လို့မှာကြားခဲ့လိုက်ပါတယ်။
4
"ဒီအိုးကြီးတွေကို ရေအပြည့်ဖြည့်ကြပါ" လို့ သခင်ယေရှုက မိန့်တော်မူခဲ့တယ်။ "ရေ" လို့အစေခံတွေက ပြန်မေးခဲ့ကြပါတယ်။ ဟုတ်ပါတယ်၊ သခင်ယေရှု တောင်းတာက ရေပဲဖြစ်ပါတယ်။
5
ပြီးတော့ သခင်ယေရှုက အစေခံတစ်ယောက်ကို အိုးကြီးထဲကနေ ခပ်ယူပြီး ပွဲတော်အုပ်ကိုသွားပေးခိုင်းခဲ့ကာ အရသာကိုမြည်းစေခဲ့ပါတယ်။ အဲဒီအခါမှာ ရေဟာ စပျစ်ရည်ဖြစ်နေခဲ့ပြီ။ စပျစ်ရည်ကောင်း! အကောင်းဆုံး စပျစ်ရည်! တွေဖြစ်သွားခဲ့ပါတယ်။
6
အစေခံတွေဟာ အံ့အားသင့်သွားခဲ့ကြတယ်။ သခင်ယေရှုက ရေကို စပျစ်ရည်အဖြစ်ပြောင်းလဲခဲ့လိုက်ပါတယ်။ ဘုရားသခင်ကသာလျှင် ဒီလိုအံ့သြဖွယ် နိမိတ်လက္ခဏာများ ကိုလုပ်နိုင်တာဖြစ်ပါတယ်။
7
သခင်ယေရှုက တခြားအံ့သြဖွယ် နိမိတ်လက္ခဏာတွေကိုလည်း လုပ်တော်မူခဲ့ပါတယ်။တစ်ညနေမှာ ကိုယ်တော်နဲ့ တပည့်တော်တွေက ပေတရုရဲ့အိမ်ကို သွားခဲ့ကြပါတယ်။ အဲ့ဒီမှာပေတရုရဲ့ ယောက္ခမဟာ အရမ်းကို ဖျားနာပြီး အဖျားကြီးနေခဲ့ပါတယ်။
8
သခင်ယေရှုက ထိုဖျားနာနေတဲ့ အမျိုးသမီးရဲ့လက်ကို တို့တော်မူခဲ့တယ်။ ခဏအတွင်းမှာပဲသူမ ကျန်းမာသွားခဲ့ပါတယ်။ ပြီးတော့ ထကာ သခင်ယေရှုနဲ့ တပည့်တော်တွေကိုညှေ့ခံကျွေးမွေးခဲ့ပါတယ်။
9
အဲဒီညမှာ မြို့ထဲကလူတွေက အကုန်လုံးနီးပါး အိမ်တံခါးဝမှာ စုဝေးနေခဲ့ကြပါတယ်။ ဘယ်လိုလူတွေလဲဆိုတော့ လူနာတွေ — မျက်စိမမြင်ရတဲ့သူတွေ၊ နားမကြားနိုင်တဲ့သူတွေ၊ စကားမပြောနိုင်သူတွေ၊ ခြေလက်မသန်တဲ့သူတွေ အပြင်နတ်ဆိုးစွဲကပ်နေတဲ့လူ တွေတောင်သခင်ယေရှု ဆီကို လူအစုအဝေးကြီးနဲ့ လာခဲ့ကြတယ်။ ဒီလူအများ ကြီးကို ကိုယ်တော် ကူညီနိုင်ပါ့မလား။
10
ဘုရားသခင်၏သားတော် သခင်ယေရှုဟာ ကူညီနိုင်တယ်။ သခင်ယေရှုက ကူညီတော်မူခဲ့တယ်။ သခင်ယေရှုထံလာတဲ့သူအားလုံး အနာရောဂါပျောက်ကင်းသွားခဲ့ကြတယ်။ခြေထောက်ဆွဲပြီး တရွတ်တိုက်သွားနေရတဲ့ သူတွေကလည်း အခု ထပြီးလမ်းလျှောက်နိုင်၊ပြေးနိုင်၊ခုန်နိုင်သွားခဲ့ကြပြီ။
11
တခြားလူဖြစ်တဲ့ နူနာစွဲပြီး ကိုယ်အဆင်းလှမနေတဲ့သူတွေပါ သခင်ယေရှုထံကို လာခဲ့ကြတယ်။
12
သခင်ယေရှုက သူတို့ရဲ့အနာရောဂါပျောက်ကင်းပေး တဲ့အခါမှာ သူတို့ဟာ သန့်ရှင်းစင်ကြယ်ပြီး ကျန်းမာသွားခဲ့ကြတယ်။
13
နတ်ဆိုးစွဲကပ်နေတဲ့ ယောက်ျား၊ မိန်းမတွေ သခင်ယေရှုရှေ့မှာ ရပ်နေခဲ့ကြတယ်။ သခင်ယေရှုက နတ်ဆိုးတွေကို ထွက်သွားဖို့ အမိန့်ပေးခဲ့တယ်။ နတ်ဆိုးတွေလည်း ကြောက်လန့်ပြီး နာခံကာထွက်သွားကြပြီး မပျော်ရွှင်ခဲ့ရတဲ့သူတွေဟာ အေးချမ်းပြီး ရွှင်လန်းသွားခဲ့ကြတယ်။
14
လူအုပ်ရဲ့နောက်ဘက်မှာ လူလေးယောက်က သူတို့ရဲ့မိတ်ဆွေကို သခင်ယေရှုဆီ ပို့ပေးဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ အနားမလာနိုင်ခဲ့ကြဘူး။ ဒါဆိုသူတို့ ဘာလုပ်နိုင်မလဲ။
15
ဒီတော့ သူငယ်ချင်းလေးယောက်ဟာ ဖျားနာနေတဲ့လူကို အိမ်မိုးပေါ်တင်ဆောင်သွားပြီး၊ အိမ်မိုးကို ဖောက်ကာ အောက်ကို ချပေးခဲ့လိုက်ကြတယ်။ အခု သူဟာ သခင်ယေရှုအနားကို နီးကပ်သွားခဲ့တယ်။
16
သခင်ယေရှုက သူငယ်ချင်းလေးယောက်မှာ ယုံကြည်ခြင်းရှိတာကို မြင်တော်မူခဲ့တယ်။ ကိုယ်တော်က လူနာကို "သင်၏အပြစ်များကို လွှတ်လိုက်ပြီ။ ထ၍ သင်၏အိပ်ရာကို ယူလော့" လို့မိန့်တော်မူခဲ့တယ်။ ထိုလူဟာ ကျန်းမာသန်စွမ်းစွာ ထရပ်လိုက်တယ်။ သခင်ယေရှု သူ့ကို အနာရောဂါပျောက်ကင်းစေ တော်မူခဲ့တယ်။
17
ဒီနောက်မကြာခင်မှာ သခင်ယေရှုဟာ တပည့်တော်တွေနဲ့ လှေပေါ်မှာ ရှိခဲ့တယ်။ကြောက်စရာကောင်းတဲ့ မုန်တိုင်းကြီးက ပင်လယ်ကို စတင်လှုပ်ခတ်ခဲ့ကြတယ်။ အဲ့အချိန်မှာသခင်ယေရှုက အိပ်ပျော်နေခဲ့တယ်။
18